ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့ (5-1-2012) (၆၉၉၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်

ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ဘွဲ့များချီးမြှင့်အပ်နှင်း

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ညီလာခံခန်းမ၌ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထူးခြားလေးနက်သော နေ့တစ်နေ့

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် မိမိတို့မြန်မာနိုင်ငံအတွက် မမေ့အပ်သော လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ နိုင်ငံတော်အား ကာကွယ်တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သောပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကျင်းပသည့်နေ့လည်းဖြစ်သည့်အတွက် ထူးခြားလေးနက်သော နေ့တစ်နေ့ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းသောနေ့တွင် ကျင်းပပြုလုပ်သည့် ဤအခမ်း

နိုင်ငံတော်သမ္မတက ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး (ကွယ်လွန်) ကိုယ်စား ဇနီး ဒေါ်ခင်သန်းနွဲ့အား မဟာသရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

မိန့်ခွန်းပြောကြား

နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။
(သတင်းစဉ်)

အနားကို တက်ရောက်လာကြသော ဂုဏ်ပြုခံပုဂ္ဂိုလ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ကာကွယ်တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များအား လည်းကောင်း၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များ၊ သံတမန်များနှင့် ပုဂ္ဂိုလ်များအား လည်းကောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များအား လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ ဖြစ်ပေါ်လာစေရေးတို့အတွက် ထူးခြားစွာအားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များအား လည်းကောင်း၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များအား လည်းကောင်း၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူ ပုဂ္ဂိုလ်များအားလည်းကောင်း ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းနိုင်ရန်နှင့် သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်များကို သံဃာတော်များ၊ သီလရှင်များအား ဆက်ကပ်လှူဒါန်းခြင်း၊ လူပုဂ္ဂိုလ်များအား သာသနာပြုဘွဲ့၊ သာသနနုဂ္ဂဟဘွဲ့များ ချီးမြှင့်အပ်နှင်းနိုင်ရန် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၇ ရက် အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၀၉) ဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၆ သို့ ☆

ကြေးမုံစာတည်းရှုထောင့် ၅-၁-၂၀၁၂[ကြာသပတေးနေ့]။

သင်္ဂဟတရား. . .

သင်္ဂဟတရားထွန်းကားမှသာ လောကကြီးသည် ငြိမ်းချမ်းသာယာ၏။ အခြေအနေအားလျော်စွာ သင်္ဂဟတရားတို့ကို ကျင့်သုံးသော ပုဂ္ဂိုလ်တို့သည်လည်း ကြီးပွားချမ်းသာ၏။ ယုတ်စွအဆုံး တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင်ပင် သင်္ဂဟတရား(ချီးမြှောက်မှု)သည် အလွန်အရေးကြီးသောအရာဖြစ်၏။ ထိုသင်္ဂဟတရားသည်ကား တစ်ပါးသူတို့အား ချီးမြှင့်ခြင်းဟူသည့် မြတ်သောမင်္ဂလာတရားတော်သာတည်း။

သင်္ဂဟတရားလက်ကိုင်ထားသော မြန်မာနိုင်ငံ၏ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့(လွတ်လပ်ရေးနေ့)သည် မြန်မာနိုင်ငံသားများအဖို့ မမေ့အပ်သော နေ့ထူးနေ့မြတ်ဖြစ်၏။ ထိုထူးမြတ်သည့် မင်္ဂလာနေ့မြတ်အခါသမယတွင် မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူတို့အား ချီးမြှင့်ဂုဏ်ပြုခြင်းဖြင့် ကျက်သရေမင်္ဂလာအပေါင်းနှင့် သာလွန်ပြည့်စုံခဲ့ပေ၏။

ပေးအပ်ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးများတွင် သင်္ဂဟပြီးလျှင်ဘွဲ့၊ ဘွဲ့ပြီးလျှင် တံဆိပ်ဟူ၍ရှိ၏။ ထိုဘွဲ့များကို နိုင်ငံတော်လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကိုလည်း ချီးမြှင့်ခဲ့၏။ ရရှိပြီးနိုင်ငံတော်ကို ကာကွယ်တည်ဆောက်ကြရာ၌ စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များသာမက နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များ၊ သံတမန်များနှင့် ပုဂ္ဂိုလ်များကိုလည်း ချီးမြှင့်လျက်ရှိ၏။

ထို့အပြင် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ ဖြစ်ပေါ်လာရေးတို့အတွက် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များကိုလည်း ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့သည်။

ထို့မျှသာမက သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်များကို သံဃာတော်များ၊ သီလရှင်များအား ဆက်ကပ်လှူဒါန်းခြင်း၊ လူပုဂ္ဂိုလ်များအား သာသနာပြုဘွဲ့၊ သာသနနုဂ္ဂဟဘွဲ့များကို ချီးမြှင့်အပ်နှင်းနိုင်ခဲ့ခြင်းတို့မှာ များစွာဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းပေ၏။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် သင်္ဂဟတရားတော်နှင့်အညီ ဂုဏ်ပြုထိုက်၊ ချီးမြှင့်ထိုက်သူ ပုဂ္ဂိုလ်များစွာတို့ကို ချီးမြှောက်ခဲ့သည်မှာ ကောင်းချီးမင်္ဂလာများပင်တည်း။

နိုင်ငံ၏လွတ်လပ်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်သူများကိုလည်း ကြိုးပမ်းစွမ်းဆောင်သလောက်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် သက်စွန့်ကြိုးပမ်းသူများကိုလည်း သက်စွန့်ကြိုးပမ်းသလောက်၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် မနေမနားကြိုးပမ်းကြသူများကိုလည်း ကြိုးပမ်းသလောက်၊ နိုင်ငံ့အကျိုး ပြည်သူ့အကျိုးအတွက် ထူးထူးခြားခြားစွန့်စွန့်စားစားဆောင်ရွက်နိုင်သူများကိုလည်း ဆောင်ရွက်ကြသလောက်၊ သာသနာတော်ကို ထူးထူးခြားခြား ထောက်ပံ့ကြသော ပုဂ္ဂိုလ်များကိုလည်း ထောက်ပံ့သလောက် အသီးသီးအသက စွမ်းဆောင်နိုင်ကြသူများအားလုံး မကြွင်းမကျန်မရှိရအောင် အလုံးစုံ ထောက်ပံ့ချီးမြှောက်နိုင်ခဲ့သည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာကောင်းလှ၏။

သို့ဖြစ်ရာ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ထူးခြားသည့်နှစ်သစ်၊ အချိန်အခါသစ်သို့ရောက်ရှိနေသည့် ယနေ့အခါသမယတွင် ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုချီးမြှင့်ခဲ့သော ကောင်းမြတ်သည့် မင်္ဂလာသင်္ဂဟတရားနှင့်အညီ ချီးမြှင့်ခဲ့ခြင်းဖြစ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထွန်းသစ်စတက်နေဝန်းပမာ ကျက်သရေရွှန်းကာ ငြိမ်းချမ်းသာယာဝပြောနေမည်ဖြစ်ပါသည်။ ။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံများမှနိုင်ငံအကြီးအကဲများက သဝဏ်လွှာများ ပေးပို့

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လည်းကောင်း၊ ဒုတိယသမ္မတများနှင့် နိုင်ငံခြားရေးဝန်ကြီးထံသို့လည်းကောင်း နိုင်ငံတကာမှ နိုင်ငံအကြီးအကဲများနှင့် ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ လီမြောင်ဘတ်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

ဂုဏ်ယူဝမ်းမြောက်

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ကိုရီးယားပြည်သူများနှင့် အစိုးရအဖွဲ့တို့ကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုကြောင်း မစ္စတာ လီမြောင်ဘတ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြန်အလှန်နားလည်ယုံကြည်မှုများသည် ပြီးခဲ့သည့် နှစ်ကာလများအတွင်း ခိုင်မာတိုးတက်ခဲ့ကြောင်း၊ မိမိတို့နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားများအတွက် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတို့ကို အနာဂတ်ကာလများ၌ ဆက်လက်မြှင့်တင်သွားနိုင်ရန် မိမိယုံကြည်ပါကြောင်းဖြင့် မစ္စတာ လီမြောင်ဘတ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

ဆုမွန်တောင်း

အဆွေတော်သမ္မတကြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း၍ တိုင်းပြည်အကျိုးသယ်ပိုးဆောင်ရွက်မှုများ အောင်မြင်စေရန် ဆုမွန်တောင်းပါကြောင်းဖြင့် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ လီမြောင်ဘတ်၏သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

သြစတြေးလျနိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွမ်တင်ဘရေ့စ်အေအိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ သြစတြေးလျပြည်သူ၊ အစိုးရနှင့် မိမိတို့အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း အဆွေတော်သမ္မတကြီးကို ပြောကြားလိုပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လက်ရှိအချိန်အခါသည် သမိုင်းဝင်အပြောင်းအလဲကာလ၌ ကျရောက်နေချိန်ဖြစ်ကြောင်း၊ ပြည်တွင်းနိုင်ငံရေးအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးမှုများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်အတွင်း နိုင်ငံရေးအင်အားစုများ ပိုမိုပါဝင်လာနိုင်ရန် လမ်းဖွင့်ပေးခဲ့သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်ပေးခဲ့မှု၊ အကျဉ်းကျနေသူများကို ပြန်လည်လွတ်မြောက်ခွင့်ပေးမှုစသော မကြာမီကာလအတွင်း ပေါ်ပေါက်ခဲ့သည့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများအား သြစတြေးလျအစိုးရက ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၌ အဆွေတော် သမ္မတကြီး၏ ပုဂ္ဂိုလ်ရေးအရ စွမ်းဆောင်မှုများအတွက် မိမိအနေဖြင့် ဂုဏ်ယူပါကြောင်း သြစတြေးလျ ဘုရင်ခံချုပ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

လက်နက်ဖျက်သိမ်းရေး၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုစသော တစ်ကမ္ဘာလုံးအတွက် စိန်ခေါ်မှုများသည် တစ်ကမ္ဘာလုံးဆိုင်ရာ အမြင်များအပေါ်၌ ကျယ်ကျယ်ပြန့်ပြန့် အခြေခံနိုင်ရန် လိုအပ်ကြောင်း သြစတြေးလျနိုင်ငံက ခိုင်ခိုင်မာမာယုံကြည်ကြောင်း၊ ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရေးအတွက် သြစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံနှင့် ပူးပေါင်း၍သော်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်စပ်၍သော် လည်းကောင်း ရှေ့ဆက်လုပ်ဆောင်သွားရေးအတွက် အသင့်ရှိပါကြောင်း သြစတြေးလျ ဘုရင်ခံချုပ်၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

သြစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုသည် အနာဂတ် အကျိုးစီးပွားများကို ဖြစ်ထွန်းစေမည်ဟု မိမိတို့အနေဖြင့် ယုံကြည်ကြောင်း သြစတြေးလျ ဘုရင်ခံချုပ် မစ္စ ကွမ်တင်ဘရေ့စ်အေအို၏ သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

ဂျပန်နိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဂျပန်နိုင်ငံဝန်ကြီးချုပ် ဟိုရှိဟီကို နိုဒါက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ကြွယ်ဝဖွံ့ဖြိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ဂျပန်ပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စား မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကြွယ်ဝဖွံ့ဖြိုးရေးအတွက် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

ဂျပန်နိုင်ငံ၌ ယခုနှစ်အတွင်း ကျင်းပမည့် ဂျပန်-မဲခေါင် လေးကြိမ်မြောက် ထိပ်သီးအစည်းအဝေး၌ အဆွေတော်သမ္မတကြီးနှင့် တွေ့ဆုံနိုင်ရန် မိမိမျှော်လင့်ထားကြောင်း ဂျပန်ဝန်ကြီးချုပ် ဟိုရှိဟီကို နိုဒါ၏ သဝဏ်လွှာတွင် ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄ - ၁ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၁. ၅၃၅၀	၀. ၀၃၁၇၁
တရုတ် (ယွမ်)	၆. ၂၉၆၉၀	၀. ၁၅၈၈၁
အိန္ဒိယ (ရူပီး)	၅၂. ၉၇၇၅	၀. ၀၁၈၈၈
မလေးရှား (ရင်းဂစ်)	၃. ၁၄၃၀၀	၀. ၃၁၈၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၉၀၁၀	၀. ၇၇၅၁၃
ဂျပန် (ယန်း)	၇၆. ၇၉၂၇	၀. ၀၁၃၀၂
တောင်ကိုရီးယား(ဝမ်)	၁၁၄၈. ၅၀	၀. ၀၀၀၈၇
ယူရို	၀. ၇၇၂၂၅	၁. ၂၉၄၉၂
ဗြိတိသျှ (ပေါင်)	၀. ၆၄၁၇၅	၁. ၅၅၈၂၃

အင်တာနက်။

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် မြင်သာ(၁)လမ်း ဖြူးရိပ်သာခွဲ မြိုင်မဟာစည် သာသနာ့ရိပ်သာအတွင်း၌ တည်ဆောက်နေသော ရတနာမြိုင်သိမ်တော်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးနေ ဦးဂွက်-ဒေါ်ညိမ်းမြမိသားစုက မြိုင်ဆရာတော် ဘဒ္ဒန္တပညာဇောတထံ လှူဒါန်းစဉ်။ (ကြေးမုံ)

ဒီဇင်ဘာ ၆ ရက်က မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲတွင် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းမင်း ဟောပြောစဉ်။ (ပညာရေး)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဟောပြော

တောင်ကြီး ဇန်နဝါရီ ၄

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဟောပြောပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက တောင်ကြီးတက္ကသိုလ် Lecture Thcatre ခန်းမဆောင်၌ ကျင်းပရာ တောင်ကြီးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ မူမူမြင့်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်အလိုက် ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အင်အား ၅၀၀ ခန့် တက်ရောက်ကြသည်။

ပထမဦးစွာ တောင်ကြီးတက္ကသိုလ် သမိုင်းဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ခင်ငြိမ်းကြည်က "လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း" ခေါင်းစဉ်ဖြင့် ဟောပြော၍ လည်းကောင်း၊ မြန်မာစာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာမျိုးမျိုးက "ကိုလိုနီခေတ်မျိုးချစ်စိတ်ဓာတ်ထက်သန်စေသော" ကဗျာခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြကြောင်း သိရသည်။

(၆၇၄)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၁-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၃၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာ့ရှုခင်း
၇း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	ဇာတ်လမ်းတို
၈း၂၅	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၀၃	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၇။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၃၂)**
၆း၀၀	၈။	မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၅	၉။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၀။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၁။	ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၁၃)
၇း၀၀	၁၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၄၃)**
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	အမျိုးသားရေးတေးကဗျာ
	၁၅။	ဒို့တာဝန်အရေး(၃)ပါး
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အနုပညာရှင်၏တစ်နေ့တာ
	၁၉။	လျှပ်တစ်ပြက်
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်ကြီးချစ် (အပိုင်း-၂)**

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

နိုင်ငံတော်သမ္မတအိမ်တော် ဥပစာ မြက်ခင်းပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert ဦးဆောင်သော သံတမန်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် ညစာစားပွဲသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီများမှဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာသံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chua Hian Kong Robert ဦးဆောင်သောသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသီချင်းများဖြင့် ညှော်ခံဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲ ရွှင်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို နှစ်စဉ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပလေ့ရှိရာ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အားကစားကွင်း/ရုံများ၊ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်များ၌ ဝန်ကြီးဌာနတစ်ခုချင်းစီအလိုက် လည်းကောင်း၊ ဝန်ကြီးဌာနများ စုပေါင်းတာဝန်ယူလျက် လည်းကောင်း၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များအစီအစဉ်ဖြင့် လည်းကောင်း ယနေ့နံနက်ပိုင်းမှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အားကစား ဝန်ကြီးဌာနအနေဖြင့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးကို ဦးဆောင်တာဝန်ယူလျက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှစ၍ ဝန်ကြီးဌာနပေါင်းစုံပါဝင်သော အမျိုး

သား ဖူးဆယ်ဘောလုံးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးလွန်ဆွဲပြိုင်ပွဲ၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲများကို သတ်မှတ်နေရာအသီးသီး၌ ကျင်းပပေးခဲ့ပြီး ယနေ့ကျင်းပသော အမျိုးသားဖူးဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အမျိုးသား၊ အမျိုးသမီး လွန်ဆွဲဗိုလ်လုပွဲများသို့ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပရေးကော်မတီဝင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် လိုက်လံကြည့်ရှုအားပေးကာ ဆုများချီးမြှင့်သည်။

အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ပထမ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက တတိယ၊ အမျိုးသား ဖူးဆယ်ဘောလုံးပြိုင်ပွဲတွင် အားကစားဝန်ကြီးဌာနအသင်းက ပထမ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ ပြည်ထဲရေး ဝန်ကြီးဌာနအသင်းက တတိယ၊ အမျိုးသားလွန်ဆွဲပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက ပထမ၊ အားကစားဝန်ကြီးဌာနအသင်းက ဒုတိယ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန အသင်းက တတိယ၊ အမျိုးသမီးလွန်ဆွဲ ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပထမ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းက ဒုတိယနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းက တတိယရရှိကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနက ဦးဆောင်၍ နေပြည်တော် ကြာပန်းအဝိုင်း၌ တာလတ်အပြေးပြိုင်ပွဲများကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့က ဦးဆောင်၍ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲ ၂၂ မျိုးကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊အားကစားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့က ဦးဆောင်၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲ ၁၈ မျိုးကို လည်းကောင်း၊ စက်မှုဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က ဦးဆောင်၍ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲ ၂၇ မျိုးကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနတို့ကဦးဆောင်၍ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲ ၂၇ မျိုးကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က ဦးဆောင်၍ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲ ၁၂ မျိုးကို လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့က ဦးဆောင်၍ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲ ၁၄ မျိုးကို လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် လွှတ်တော်ရုံးတို့က ဦးဆောင်၍ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲ ၁၂ မျိုးကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်၍ တော်ဝင်ရတနာ မူလတန်းကြိုကျောင်း၌ မိသားစုပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲများကို လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနက ဦးဆောင်၍ မိနီမာရသွန်ပြိုင်ပွဲကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနတို့က ဦးဆောင်၍ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲ ၁၈ မျိုးကို လည်းကောင်း၊ ယုပန်းမြိုင်စိုက်ပျိုးရေးလုပ်ငန်းက ဦးဆောင်၍ မိသားစုပျော်ရွှင်ဖွယ်အားကစားပြိုင်ပွဲများကို လည်းကောင်း အသီးသီးကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျင်းပစဉ်။ (ဝဲပုံ၊ အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော်အလံတင် အခမ်းအနား ကျင်းပ

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

❍ ၂၀၁၂ ခုနှစ်မှ

အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဗ္ဗသီရိတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့တော်ခန်းမရှေ့ရင်ပြင်သို့ နံနက် ၆ နာရီတွင် ဝင်ရောက်နေရာယူကြသည်။

ထို့အတူ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ပြည်ထောင်စုဝန်ကြီးများ၊ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ နေပြည်တော် ကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ရုံးအဖွဲ့မှူးများ၊ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များကလည်း သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။ ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကိုကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် အခမ်းအနားကျင်းပရာသို့ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရောက်ရှိလာပြီး စင်မြင့်ပေါ်၌နေရာယူသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကိုတီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကိုရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကျင်းပရာနေရာမှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးသည် မြို့တော်ခန်းမရှေ့ရင်ပြင်မှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် လွတ်လပ်ရေးနေ့ဖြစ်သည့် ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ကံ့ကော်ပန်းအဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာကျောက်စိမ်းခန်းမ၊ ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးနှင့် လူနေအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာထွန်းညှိ၍ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြသည်ကိုတွေ့ရသည်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်မြို့တော်ခန်းမ၌ ရောင်စုံမီးအလှများကို လှပခံ့ညားစွာထွန်းညှိထားစဉ်။ (သတင်းစဉ်)

✳ ရဲဝံ့စွန့်စားစွာမှ

ရဲသူရတံဆိပ်

အမှတ် မ ၁၃၈၈၄ မီးသတ်တပ်ကြပ်ကြီး ဦးဇော်ဌေး၊ အမှတ် မ ၂၀၀၇၈ မီးသတ်တပ်သား ဦးမျိုးကျော်ကျော်၊ အမှတ် မ ၂၀၈၅၄ မီးသတ်တပ်သား ဦးသော်ဇင်မျိုးထက်နှင့် အမှတ် မ ၂၀၈၅၅ မီးသတ်တပ်သား ဦးအောင်အောင်တို့ လေးဦးအား ရဲသူရတံဆိပ်ကို ချီးမြှင့်ခဲ့သည်။

ချက်ချင်းချီးမြှင့်အပ်နှင်း

နိုင်ငံတော်အစိုးရအနေဖြင့် လတ်တလောဖြစ်ပွားခဲ့သည့် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်မှုဖြစ်စဉ်တွင် ရဲဝံ့စွန့်စားစွာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ရင်း နိုင်ငံနှင့်ပြည်သူအတွက် အသက်စွန့်လှူသွားခဲ့သော မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင် ငါးဦးအား ၎င်းတို့၏ စွမ်းစွမ်းတမံ တာဝန် ကျေပွန်စွာ စွန့်လွှတ်စွန့်စားပေးဆပ်မှုအတွက် မှတ်တမ်းတင်အသိအမှတ်ပြုပြီး ယခုကဲ့သို့ စွမ်းရည်သတ္တိဆိုင်ရာ တံဆိပ်များ ချက်ချင်းချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်သို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲများတွင် ပထမဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်သည်။**(ဓာတ်ပုံ)**

ယင်းနောက် ဝန်ကြီးချုပ်သည် ကျောင်းအတွင်း ပြသထားသော စက်မှုလက်မှုအိမ်တွင်းမှုပြခန်း၊ ကွန်ပျူတာသင်တန်းခန်းမ၊ ဝိဇ္ဇာသင်ထောက်ကူပြခန်း၊ ပဲခူးတိုင်းဒေသကြီး (က) ပညာရေးလှုပ်ရှားမှုဓာတ်ပုံပြခန်း၊ ပဲခူးတိုင်းဒေသကြီး(ခ)ပညာရေးလှုပ်ရှားမှု ဓာတ်ပုံပြခန်း၊ သိပ္ပံသင်ထောက်ကူပြခန်းနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက်ပိုင်းကလည်း ပဲခူးမြို့ရွှေဝါထွန်းဟိုတယ် ကမ္ဘောဇသာဒီမင်္ဂလာခန်းမ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။ ယင်းနောက် လူငယ့်အားမာန်ဟိုတယ်ကုမ္ပဏီမှ စီမံခန့်ခွဲမှုဒါရိုက်တာ ဦးတင်ထွန်းအောင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ပေါ်မူတည်၍ စနစ်တကျ ကွပ်ကဲ တာဝန်ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်လိုစိတ်ရှိသည့် ဝန်ထမ်းများဖြစ်ရေး လေ့ကျင့်ပေး

နေပြည်တော် ဇန်နဝါရီ ၄

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ ဒုတိယနေ့ ဆက်လက်ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ပြီး တာဝန်ခံအရာရှိများအနေဖြင့် မိမိဌာနအလိုက် လူ၊ ပစ္စည်းတို့ကို ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ပေါ်မူတည်၍ စနစ်တကျ ကြပ်မတ်ကွပ်ကဲဆောင်ရွက်တတ်ရန် လိုအပ်ကြောင်း၊ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိကာ စိတ်သစ်လူသစ်ဖြင့် ပေးအပ်လာသည့် တာဝန်ဝတ္တရားများအပေါ် ကျေပွန်စွာ ထမ်းဆောင်လိုစိတ်ရှိသည့် ဝန်ထမ်းများဖြစ်စေရေး လေ့ကျင့်ပေးရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတို့က ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဌေးအောင်က သုံးသပ်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တောင်းမြစ်တစ်ဖက်ခြမ်း၌ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်း

ရေတာရှည် ဇန်နဝါရီ ၄

စားဖိုဆောင်သီးနှံ အများအပြားစိုက်ပျိုးလျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီမြို့အရှေ့ စစ်တောင်းမြစ်တစ်ဖက်ခြမ်းတွင် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဇေယျသိမ်ကျေးရွာအုပ်စု၊ ရဲကုန်းကျေးရွာအုပ်စုအတွင်းရှိ ယာစိုက်တောင်သူများသည် ပန်းထုပ်၊ ဂေါ်ဖီ၊ ခရမ်းချဉ်၊ ခရမ်းခေါင်း၊ ပဲမျိုးစုံနှင့် ငရုတ်အစရှိသည့် သီးနှံများကို ကျယ်ပြန့်စွာစိုက်ပျိုး၍ စီးပွားရေးအရ တွက်ခြေကိုက်လျက်ရှိသည်။ ပန်းထုပ်စိုက်ခင်း တစ်ဧကလျှင် ပင်ရေ ၁၀၀၀၀ မှ ၁၂၀၀၀ အထိ စိုက်ပျိုးလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် ကျပ် ၁၀ သိန်းမှ ၁၅ သိန်းအကြား ဝင်ငွေရရှိကြောင်း သိရသည်။

စိုက်ပျိုးသီးနှံများအား နေပြည်တော်၊ ရန်ကုန်၊ ပဲခူး ဈေးကွက်များသို့ တင်ပို့ရောင်းချလျက်ရှိပြီး သီးနှံဝယ်ယူသူများမှာ စိုက်ခင်းထဲအရောက် လာရောက်ဝယ်ယူမှုများရှိကြ၍ မိုးရာသီကာလစပါးသီးနှံအထွက်လျော့သော်လည်း စားဖိုဆောင်စိုက်ပျိုးသီးနှံများကြောင့် တောင်သူများအဆင်ပြေလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်း - ကိုလွင်(ဆွာ)

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မကွေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၁-၂၀၁၂ ပညာသင်နှစ် မကွေးတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီတွင် မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မကွေးမြို့ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော် ဒို့နွဲ့ပျော်သီချင်း သီဆို၍ ပွဲတော်ကို ဖွင့်လှစ်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားပြီး ဘက်စုံထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းလုပ်ငန်းဆောင်ရွက်မှုထူးချွန်ကျောင်းဆု၊ ပညာတန်ဆောင် ဘာသာပြန်ပြိုင်ပွဲနှင့် အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့် ဆရာ၊ ဆရာမများသင်တန်းတို့တွင် စံပြဆုရသူ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမကြီးများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရုတ်အပြည်ပြည်ဆိုင်ရာ သစ်ခွပွဲတော်သို့ တက်ရောက်ရန် မြန်မာသစ်ခွပညာရှင်အဖွဲ့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Gold Lion Co.,Ltd. ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆန်ရမြို့၌ ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် "(၆)ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သစ်ခွပွဲတော်(ဆန်ရ) ၂၀၁၂" တွင် (၃မီတာ × ၅မီတာ)အကျယ်ရှိ သစ်ခွပြကွက်တစ်ကွက် ခင်းကျင်းပြသရန် မြန်မာနိုင်ငံမှ သစ်ခွပညာရှင် ဒေါက်တာစောလွင်နှင့် ဒေါ်စုထက်လှိုင်တို့သည် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။ **(အောက်ပုံ)**

သစ်ခွပညာရှင် ဒေါက်တာစောလွင်သည် အဆိုပါပြပွဲအပြီးတွင် ထိုင်းနိုင်ငံ စိုက်ပျိုးရေးဦးစီးဌာန၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဇန်နဝါရီ ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် "အပြည်ပြည်ဆိုင်ရာ သစ်ခွနှင့် အလှစိုက်ခင်းများ ညီလာခံ" ၌ သဘာပတိအဖြစ် ဆောင်ရွက်ရန်နှင့် "မြန်မာ့ပန်းမန်အလှပင်များ၏ ဇီဝမျိုးစုံ၊ မျိုးကွဲခြင်း"စာတမ်းကို ဖတ်ကြားရန် ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

(ညွှန့်သန်း)

ဇန်နဝါရီ ၄ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့် ဖတ်ကြားစဉ်။ (ထွေ/အုပ်)

ခွာနာလျှာနာရောဂါပိုးရှာဖွေရေးအဖွဲ့ ကျေးရွာအရောက် ကွင်းဆင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၄

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခွာနာလျှာနာဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချိုချိုထွန်း၊ ဒေါက်တာမင်းဆန်းနှင့် ဒေါက်တာသက်နိုင်ဦးတို့ ဦးဆောင်သော ခွာနာလျှာနာရောဂါပိုးရှာဖွေရေးအဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက်နှင့် ဇန်နဝါရီ ၁ ရက်တို့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင်သို့ သွားရောက်ကာ မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာအုပ်စု ဝမ်ပုံကျေးရွာနှင့် ဟောင်ကြန့်ကျေးရွာအုပ်စု ယန်းခမ်းကျေးရွာတို့၌ ခွာနာလျှာနာရောဂါပိုးရှာဖွေရန် တိရစ္ဆာန်များမှသွေးထုတ်ယူခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ခွာနာလျှာနာရောဂါနှင့် စပ်လျဉ်း၍ ဒေသခံများအား ပညာပေးဆွေးနွေးဟောပြောခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာတည်းထံသို့ ပေးစာများ

စီးပွားရေးလုပ်ငန်းသုံး မီးစက်နှစ်လုံး ပြောင်းရွှေ့ပြီး

၁၇-၁၂-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာတွင် ပါရှိသော ပေးစာကဏ္ဍပါ ဝါးခယ်မမြို့နယ် ကျွန်းကုန်းကျေးရွာမှ စီးပွားရေးလုပ်ငန်းသုံး မီးစက်နှစ်လုံးအား သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးရန် အကြောင်းအရာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

မြို့နယ်စည်ပင်

■ ■ ■ ■ ■ ■ ■ ■ ■ ■

အနံ့ဆိုးများ ရှူရှိုက်နေရပါ၍ ရှင်းလင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃) ဗန်းမော်အတွင်း ဝန်လမ်းအမှတ်(၃၂)ရှိ စက်ရုံတစ်ရုံမှ စွန့်ပစ်သော ငါးပုပ်အနံ့ဆိုးများ၊ ရေဆိုးရေညစ်များနှင့် ရံဖန်ရံခါ အမိုးနီးယားပိုက်လိုင်းမှ ထွက်ရှိသော ဓာတ်ငွေ့အနံ့ဆိုးများအား အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသော ရပ်ကွက်သူ၊ ရပ်ကွက်သားများ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

■ ■ ■ ■ ■ ■ ■ ■ ■ ■

စက်ကြီးများ နေ့ညဆူညံ၍ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် လှော်ကားကျေးရွာအုပ်စု လှော်ကားတာဆုံကျော်သံဂဟေဆက်လုပ်ငန်းသည် အားကြီးသောအင်ဂျင်ကြီးများ မောင်းနှင်ကာ ညဉ့်နက်ပိုင်းအထိ လုပ်ကိုင်နေသဖြင့် ဆူညံသံများကြောင့် ပတ်ဝန်းကျင်ရှိ စမ်းချောင်းကြီး၊ ကွက်သစ်၊ စန်းကရင်စု၊ ပြည်တော်သာ စသော ရွာလေးရွာနေ သက်ကြီးရွယ်အိုများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်၍ အိပ်ရေးပျက်၊ စာကျက်ပျက်ရသည့်အပြင် ပတ်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းများမှ စာသင်သား ရဟန်းများပါ ဒုက္ခရောက်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်ရွာသူ၊ ရွာသားများ

ရန်ကုန်မီဒီယာဂရု(ပ်)လီမိတက်၏ (၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မီဒီယာဂရု(ပ်) လီမိတက် ရန်ကုန်တိုင်း(မ်)နှင့် ဖလားဝါးနယူး(စ်) ဂျာနယ်များ၏ (၇)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ရန်ကုန်မီဒီယာဂရု(ပ်) လီမိတက်ဥက္ကဋ္ဌ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရန်ကုန်မီဒီယာဂရု(ပ်) လီမိတက်က အသစ်ပြန်လည်တည်ဆောက်ပြီး မကြာမီအွန်လိုင်းတင်မည့် Yangon-media.com နှင့် စပ်လျဉ်း၍ တာဝန်ရှိသူက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ထမ်းများအား နှစ်ပတ်လည် ဆုကြေး၊ နှစ်ပတ်လည်အထူးဆုနှင့် ရန်ကုန်မီဒီယာဂရု(ပ်)ဥက္ကဋ္ဌ၏ ဂုဏ်ပြုအထူးဆုများကို ရန်ကုန်မီဒီယာဂရု(ပ်) လီမိတက်ဥက္ကဋ္ဌ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)၊ အမှုဆောင်ဒါရိုက်တာ ဒေါ်မြတ်မြတ်စိုးနှင့် ဧည့်သည်တော်များက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်သီဂီကျော်က ပြည်နယ်နှင့် တိုင်းဒေသကြီးဗဟိုအဆင့် အင်္ဂလိပ်စာစွမ်းရည် ပထမဆုရ စတုတ္ထတန်းမှ မခြူးရွှေရည်ထက်အား ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

စက်မှုလယ်ယာစနစ် မြေပြုပြင်အကောင်အထည်ဖော်နေမှုများနှင့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇန်နဝါရီ ၃ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ တဲကြီးကုန်းကွင်း၌ စက်မှုလယ်ယာစနစ်ဧက ၁၀၀ ဖော်ထုတ်အကောင်အထည်ဖော်ရန် စက်ယန္တရားများ၊ ကျွမ်းကျင်လုပ်သားများဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး နွေစပါးစိုက်ပျိုးချိန်မီ ပြီးစီးအောင် အချိန်ကိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧက စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး F-1 စိုက်ပျိုးနေမှု၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ အသုံးပြု၍ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှု၊ ပစ်တိုင်းထောင်စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးရန် ပျိုးခွက်များဖြင့် ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ တောင်သူလယ်သမားများ ယုံကြည်မှုရအောင် အထူးဂရုပြုကြီးကြပ်လုပ်ဆောင်ကြရန် မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာ တဲကြီးကုန်းဒေသ စက်မှုလယ်ယာစနစ် မြေယာပြုပြင်ဆောင်ရွက်ခြင်း ဧက ၁၀၀၀ စီမံကိန်းလုပ်ငန်း၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီး တောင်သူပညာပေးဧက ၄၀ စိုက်ကွင်း၌ ၃၃ ရက်သားသက်တမ်းရှိ ပုလဲသွယ်ဗီယက်နမ်စပ်မျိုးစပါး ၁၁ မျိုး သုတေသန စိုက်ခင်းနှင့် ၃၀ ရက်သားရှိ ပုလဲသွယ်ဗီယက်နမ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း တစ်ဧက၏ အဖိုလိုင်း (R)၊ အမလိုင်း (A)တို့၏ ဖြစ်ထွန်းအောင်မြင်နေမှုများ၊ ကန်သင်းပေါင်ပေါ်တွင် စိုက်ပျိုးရေးလုပ်သားများ နေ့စဉ်စားသုံးရန် စိုက်ပျိုးထားသော ခရမ်း၊ ငရုတ် ဟင်းသီးဟင်းရွက်ပင်များ ဖြစ်ထွန်းမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကွင်း၌ စက်မှုလယ်ယာစနစ် ဧက ၁၀၀ ဖော်ထုတ်အကောင်အထည်ဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၇)၊ အမှတ်(၈)နှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဦးစီး၍ ကျင်းပကြသည်။

အလားတူ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၅)နှင့် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းများ၊ ရပ်ကွက်အသီးသီးရှိ ဝန်ထမ်းအိမ်ရာများ၌လည်း ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။

ထို့အတူ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ မြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၄

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီတွင် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်သို့ တက်ရောက်ရာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများက ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော်တို့နွဲပျော် အဖွင့်သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများကလည်း ဆုများချီးမြှင့်ကြပြီး ပညာရေးစုံညီပွဲတော်ပြခန်းများနှင့် ဈေးရောင်းပွဲတော်ဆိုင်ခန်းများကို ကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ အမှတ်(၂၀၈) အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။ အခမ်းအနားတွင် ရပ်မိရပ်ဖများနှင့် အလှူရှင်များက အခြေခံပညာမူလတန်းကျောင်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ အမှတ်(၂၁၀) အခြေခံပညာမူလတန်းကျောင်းသို့လည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးချွန်ကျောင်းသား၊ ကျောင်းသူများက ဧရာဝတီတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင် မီခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ အလှူငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ နာယက ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါ်ခင်အေးနွယ်နှင့် အမှုဆောင်များသည် ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောကုသဆောင်သို့ သွားရောက်၍ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မီးလောင်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိပြီး ဆေးကုသမှုခံယူနေသော လူနာများအတွက် အလှူငွေကျပ် ငါးသိန်းကို တာဝန်ခံဆရာဝန်ကြီးထံ ပေးအပ်လှူဒါန်းပြီး တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းသို့ သွားရောက်၍ မီးလောင်ပေါက်ကွဲမှုကြောင့် အသက်ဆုံးရှုံးခဲ့သော မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၏ မိသားစုများနှင့် တွေ့ဆုံကာ မိသားစုတစ်စုလျှင် ငွေကျပ် တစ်သိန်းစီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ နာယက ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါ်ခင်အေးနွယ် မီးလောင်ပေါက်ကွဲမှုကြောင့် အသက်ဆုံးရှုံးခဲ့သော မီးသတ်တပ်ဖွဲ့ဝင်မိသားစုများအား အလှူငွေများ ပေးအပ်စဉ်။ (မြို့တော်စည်ပင်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

မန္တလေး ယာဉ်ငယ်အသင်း မန္တလေး-ပြင်ဦးလွင် လိုင်းသစ်ပြေးဆွဲမည်

မန္တလေး ဇန်နဝါရီ ၄

မန္တလေးတိုင်းဒေသကြီး မထသ (အဝေးပြေး)မှ ရွှေမန်းလွင် စီးလုံးငှားယာဉ်ငယ်အသင်းက ဇန်နဝါရီ ၁၂ ရက်တွင် မန္တလေး-ပြင်ဦးလွင် ခရီးစဉ်အား ဗင်/ဆလွန်းယာဉ် ၂၅ စီးဖြင့် စတင်ပြေးဆွဲမည် ဖြစ်သည်။

မန္တလေးမြို့တွင် (၂၉) လမ်းနှင့် (၇၉) လမ်းထောင့်နေရာနှင့် ပြင်ဦးလွင်မြို့တွင် ဗိုလ်ချုပ်လမ်း Royal Diamond ခန်းမရှေ့ ယခင်မြို့နယ် မထသရုံးဟောင်းနေရာတွင် တည်ရှိပြီး ခရီးသည်များအား အိမ်တိုင်ရာရောက် ကြို/ပို့ စီစဉ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၆၉)

ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ်(၃၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား အောင်ဘာလေသိန်းဆုဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးအောင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားကြောင်းနှင့် သင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ်(၃၁) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ သူရဘွဲ့ရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။(သတင်း-ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၂)ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း စည်သူဘွဲ့ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၃၀ ဦးအနက် စာပေနှင့် အနုပညာရှင် ၂၅ ဦး ပါဝင်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။

စည်သူဘွဲ့

ထိုသို့ ချီးမြှင့်အပ်နှင်းရာတွင် စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၃၀ ဦးရှိသည့်အနက် စာပေနှင့် အနုပညာရှင် ၂၅ ဦးပါဝင်ကြောင်း သိရှိရသည်။

အဆိုပါ စည်သူဘွဲ့ရရှိသူ စာပေနှင့် အနုပညာရှင်များမှာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဝတစ်သက်တာလုံး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးအတွက် တာဝန်ကျေပွန်စွာ ထူးထူးချွန်ချွန် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် အမျိုးသားစာပေတစ်သက်တာဆုရှင်များ ဖြစ်ကြသော ဦးလှကြိုင်(ပါရဂူ)၊ ဦးထင်ဖတ်(မောင်ထင်)၊ ဦးငွေးမောင်(ငွေးမောင်)၊ ဦးလေးမြိုင် (လေးမြိုင်)၊ ဒေါ်ရင်ရင်(စောမုံညင်း)၊ ဒေါ်ကြန်(မကြန်)၊ ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာ ခင်မောင်ညွန့်နှင့် ဒေါက်တာ သော်ကောင်း၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် အစဉ်တစိုက်မြှင့်တင်စွမ်းဆောင်ရင်း စာပေတာဝန်ကျေပွန်ခဲ့ကြသည့် ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ)နှင့် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ မြန်မာ့ယဉ်ကျေးမှု အနုပညာများ မပျောက်ပျက်စေရေးနှင့် ရိုးရာအမွေအနှစ်များ အစဉ်ရှင်သန်ခိုင်မြဲနေစေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် (၁၇)ကြိမ်တိုင်တိုင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ဂီတနှင့် သဘင်ပညာရှင်များဖြစ်ကြသော ဘိုကလေး ဦးတင့်အောင်၊ ဦးရွှေနန်းတင်၊ ဦးမောင်မောင်ကြီး၊ ဦးမင်းနောင်၊ ဒေါ်တင်တင်မြ၊ ဒေါ်သင်းသင်းမြတ်၊ ဒေါ်တင်တင်အေး(ထား)၊ ဒေါ်ခွဲ့ခွဲ့စန်း၊ ဦးစိန်ဘမော်နှင့် ဒေါ်စန်းရင် (စံရှားတင်)၊ နိုင်ငံနှင့် လူမျိုးအကျိုး အမျိုးသားရေးအကျိုးတို့ကို အစဉ်ရှေးရှုလျက် ရုပ်ရှင်အနုပညာဖြင့် တိုင်းကျိုးပြည်ပြု တာဝန်ကျေပွန်ခဲ့ကြသည့် ရုပ်ရှင်ပညာရှင်များ ဖြစ်ကြသော ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်မြင့်မြတ်နှင့် ဦးကြည်စိုးထွန်းတို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၁-၂၀၁၂
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ နမော ့ နမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀ ၈။ အကပဒေသာ
၈း၂၀ ၉။ "အိုးပိုင်၊ အိမ်ပိုင်"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၅ ၄။ အတီးပြိုင်ပွဲ
၄း၄၅ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
- ဒုတိယနှစ်(စီးပွားရေးပညာ အထူးပြု) (သင်္ချာ)
၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၅ ၈။ "အမှန်ထင်နေသောအမှား"
၅း၂၅ ၉။ တေးဂီတအစီအစဉ်
၅း၃၅ ၁၀။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅း၅၀ ၁၁။ "ကညင်ရေလှောင်တမံ"
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၄။ ပျော်ရွှင်စေသောနေ့ရက်များ "မျဉ်း" (ဇာတ်သိမ်းပိုင်း)
၆း၄၀ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၂၀)
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ အစာလည်းဆေး၊ ဆေးလည်းအစာ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်" (ဒုတိယတွဲ) (အပိုင်း-၃၂)**
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၂၂)**
၂၃။ အစီအစဉ်ပြီး၏

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း ဖတ်ကြားစဉ်။ (ထွေ/အုပ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင် ဖတ်ကြားစဉ်။ (ထွေ/အုပ်)

အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ် သံဆိပ်ကျေးရွာအုပ်စုရှိ သံဆိပ်မင်းလမ်း အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ခြင်းနှင့် အလှူရှင် ဦးကျော်မင်းနိုင်-ဒေါ်လဲ့လဲ့ဝင်း (ရွှေကျွန်းကြီးကုမ္ပဏီ) မိသားစုဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်နှင့် တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အလှူရှင်က မြို့နယ်ပညာရေးမှူးထံ ကျောင်းဆောင်သစ်ဆောက်လုပ်မှုမှတ်တမ်းကို ပေးအပ်၍ အလှူရှင် ကိုးဦးတို့က ကျောင်းပညာရေးရန်ပုံငွေကျပ် ၆၂၂၀၀၀ ကို တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

သရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)အား သရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

စည်သူဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဒေါက်တာကျော်စိန်အား စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

စည်သူဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဦးကြည်စိုးထွန်းအား စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

သီရိပျံချီဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဦးတင်ငွေအား သီရိပျံချီဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ထိုသို့ ပြဋ္ဌာန်းခဲ့သည့်အတိုင်း ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းများကိုလည်း ယခုကဲ့သို့ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်တွင် ပေးအပ်ချီးမြှင့်ခဲ့သည့် အစဉ်အလာရှိခဲ့ပါကြောင်း၊ ယင်းအစဉ်အလာကောင်းကို မိမိတို့အစိုးရလက်ထက်တွင်လည်း ဆက်လက်ကျင့်သုံးပြီး ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများကို ယခုကဲ့သို့ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပပြီး ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် တံဆိပ်များကို သင်္ဂဟ၊ ဘွဲ့နှင့် တံဆိပ်ဟူ၍ သုံးမျိုးခွဲခြားထားပြီး သင်္ဂဟတွင် သုဓမ္မသင်္ဂဟဘွဲ့များနှင့် ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များဟူ၍ နှစ်ဖွဲ့ခွဲခြားထားပါကြောင်း။

သင်္ဂဟဘွဲ့များမှာ အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့နှင့် မဟာသီရိသုဓမ္မဘွဲ့တို့ဖြစ်ပြီး ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များတွင် အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့နှင့် စည်သူဘွဲ့တို့ ပါဝင်ပါကြောင်း။

တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့များမှာ အောင်ဆန်းသူရိယဘွဲ့၊ သီဟသူရဘွဲ့၊ သူရဘွဲ့တို့ဖြစ်ပြီး စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့များမှာ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့နှင့် သိပ္ပံကျော်စွာဘွဲ့တို့ ဖြစ်ပါကြောင်း။

ထို့ပြင် တပ်မတော်ဆိုင်ရာ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှုတံဆိပ်များကိုလည်း နှစ်စဉ်ချီးမြှင့်ပေးအပ်လျက်ရှိပါကြောင်း၊ ယနေ့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ပေးအပ်ရာတွင်-

(က) သင်္ဂဟဘွဲ့များတွင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ တစ်ဦး၊ သတိုးသီရိသုဓမ္မဘွဲ့ တစ်ဦး၊ မဟာသီရိသုဓမ္မဘွဲ့ လေးဦး၊

(ခ) ပြည်ထောင်စုသရေစည်သူသင်္ဂဟဘွဲ့တွင် မဟာသရေစည်သူဘွဲ့ ကိုးဦး၊ သရေစည်သူဘွဲ့ ကိုးဦး၊ စည်သူဘွဲ့ ၃၀ ဦး၊

(ဂ) စွမ်းဆောင်မှုဆိုင်ရာဘွဲ့များတွင် သီရိပျံချီဘွဲ့ ၆၀ ဦး၊ ဇေယျကျော်ထင်ဘွဲ့ ၄၄ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၈၂ ဦး စုစုပေါင်း ၂၄၀ ဦး ရရှိကြပါကြောင်း၊

ယင်းအပြင် တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့အနေဖြင့် သူရဘွဲ့ ခြောက်ဦးတို့ကိုလည်း ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသော ပုဂ္ဂိုလ်များသည် ၁၉၉၇ခုနှစ်မှ ၂၀၁၁ခုနှစ် မတ် ၃၀ ရက်အထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကာလအတွင်း နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာအား မထိမခိုက်၊ မပျက်မစီး၊ မယိမ်းမယိုင်ရအောင် ကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းများတွင်သော်လည်းကောင်း၊ အဘက်ဘက်မှ ယိုယွင်းပျက်စီးပြီး ခေတ်နောက်ကျကျန်ရစ်နေသော နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရသည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်သော် လည်းကောင်း၊ ဒီမိုကရေစီစနစ် ကျင့်သုံးသော အစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာသည်အထိ လမ်းစဉ်(၇)ရပ်ချမှတ်ပြီး တစိုက်မတ်မတ် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၌သော် လည်းကောင်း၊ ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ ဖြစ်ကြသည့်အပြင် အစိုးရသစ်တစ်ရပ်ကို မျိုးဆက်သစ် တစ်ခုထံသို့ တည်ငြိမ်အေးချမ်းစွာ လွှဲပြောင်းပေးနိုင်ခဲ့သော ပုဂ္ဂိုလ်များဖြစ်ကြသည့်အတွက် နိုင်ငံတော်မှ ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပြီး ဂုဏ်ပြုပေးအပ်ခြင်းဖြစ်ပါကြောင်း။

ယခုရရှိသော ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များမှာ မိမိတို့ဖြတ်သန်းခဲ့ရသော ခက်ခဲကြမ်းတမ်းသည့်ဘဝကို အော[…]
မိမိတို့၏ စွမ်းဆောင်ရည်မျာ[…]
တင်ခြင်းခံခဲ့ရသည့်
ဖြစ်ပါကြောင်း၊ မိမိတို့၏ ဘ[…]
မိမိတို့၏ သားစဉ်မြေးဆက်[…]
အထိမ်းအမှတ်တစ်ခုလည်း[…]
သစ်လူငယ်များအား တိုင်းပြ[…]
အခြာအာဏာကို မထိပါး[…]
ကာကွယ်စောင့်ရှောက်ကြရန်[…]
နိုင်ငံဖြစ်အောင် ကြိုးပမ်းတ[…]
အားပေးသော တွန်းအားတ[…]
အထက်ပါ ဂုဏ်[…]
တိုင်းပြည်ကို လက်ခံလွှဲပြောင်[…]
လွတ်လပ်ရေးနှင့် အချုပ်အ[…]
တိုင်းပြည်တည်ငြိမ်အေးချမ်[…]
သည့် နိုင်ငံတည်ဆောက်ရေ[…]
မပျက် ဆက်လက်ပြီး ကြိုး[…]
ကြောင်း၊ တိုင်းပြည်တည်ငြိ[…]
နိုင်ငံရေးအင်အားစုများ စဉ[…]
သား လက်နက်ကိုင် အဖွဲ့များ[…]
ဆောင်ရွက်ရေးလုပ်ငန်းစဉ်[…]
လုပ်ငန်းစဉ်များဖြစ်သည့်အ[…]
သစ်၏ ဦးစားပေးလုပ်ငန်းအ[…]
ရှိပါကြောင်း၊ တစ်ချိန်တည်[…]
တိုးတက်ရေးအတွက် စိုက်ပျိုး[…]
တိုးတက်အောင် ဆက်လက်[…]
နိုင်ငံထူထောင်နိုင်ရန် ရည်မှ[…]
ရှိပါကြောင်း၊ ယခုကဲ့သို့ ဘွဲ့[…]
သည့် ပုဂ္ဂိုလ်ကြီးများအနေ[…]
ကြိုးပမ်းဆောင်ရွက်နေသော[…]
ပြီး ထောက်ခံအားပေးကြပါ[…]

နိဂုံးချုပ်အနေဖြင့် ဂု[…]
ချီးမြှင့်ခြင်းသည် မင်္ဂလာတရာ[…]
လည်းဖြစ်ပါကြောင်း၊ ဘွဲ့တံ[…]
မာမာနှင့် စိတ်ချမ်းချမ်းသာသ[…]
တောင်းအပ်ပါကြောင်း၊ မိမိ[…]
တိုင်းပြည်အတွက် ကြိုးပမ်း[…]
မှတ်ကျောက်တင် ဂုဏ်ပြုချီးမြှ[…]
တိုင်းပြည် ရေရှည်တည်တ့[…]
အတွက် မိမိတို့၏ သားစဉ်[…]
ကြိုးပမ်းဆောင်ရွက်စေရန်[…]
ပြောကြားလိုပါကြောင်းဖြင့်[…]

ချီးမြှ[…]

ထို့နောက် နိုင်ငံတော်[…]
သင်္ဂဟဘွဲ့များကို ချီးမြှင့်အပ်[…]
ဆက်လက်၍ ပြည်ထေ[…]
ချီးမြှင့်အပ်နှင်းသည်။
ထို့နောက် တပ်မတော်[…]
ဆောင်ဘွဲ့ဖြစ်သည့် သူရဘွဲ့[…]
ယင်းနောက် စွမ်းဆေ[…]
သီရိပျံချီဘွဲ့၊ ဇေယျကျော်ထ[…]
ချီးမြှင့်အပ်နှင်းသည်။

မှတ်တမ်းတ[…]

အခမ်းအနားအပြီးတွ[…]
သက်ဆိုင်ရာ ဂုဏ်ထူးဆောင်[…]
ဘွဲ့အလိုက်မှတ်တမ်းတင်ဓာ[…]
ယနေ့အခမ်းအနားတွ[…]
ခြောက်ဦး၊ ပြည်ထောင်စု[…]
၄၈ ဦး၊ စွမ်းရည်သတ္တိဆိုင်[…]
ခြောက်ဦး၊ စွမ်းဆောင်မှုဆို[…]
စုစုပေါင်း ဂုဏ်ထူးဆောင်ဘွဲ့[…]
သက်ဆိုင်ရာ ဂုဏ်ထူးဆော[…]
ကြောင်း သတင်းရရှိသည်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ထားဝယ်မြို့၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၁၂ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားကွင်း၌ ကျင်းပရာ ပြည်သူလူထု အင်အား ၁၂၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၂ ခုနှစ်(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင် တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နံနက် ၇ နာရီတွင် တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကို အလေးပြုကြကာ ကျဆုံးလေပြီးသော ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ၂၀၁၂ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ခေတ္တတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားသည်။ နံနက် ၈ နာရီခွဲတွင် မြို့တော်ခန်းမ၌ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီး ဂုဏ်ဆောင် ထူးချွန်သူများအား ဆုချီးမြှင့်ပွဲကို ကျင်းပကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့ပြီး ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့၊ ကသာမြို့၊ အမ်းမြို့နှင့် မာန်အောင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပေါက်မြို့တွင် သုည ဒသမ ၅၉ လက်မ၊ ကျောက်ဆည်မြို့တွင် သုည ဒသမ ၄၃ လက်မနှင့် တမူးမြို့တွင် သုည ဒသမ ၃၉ လက်မတို့ ဖြစ်ကြသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ်ဆက်လက်ရွာနိုင်သည်။

MRTV-4 ရုပ်မြင်သံ[…]

၅-၁-၂၀၁၂ (ကြာသပ[…]

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်	၇း၃၀	
		၈း၀၀	
၅း၂၀	MRTV-4 သတင်း		
၅း၄၀	"အသိနဲ့ဒိဋ္ဌိခွာမှုကို ရှေ့ထားကြရန်" တရားတော် [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)]	၈း၄၅	
၆း၁၀	ထူးခြားသောဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ	၈း၅၀	
		၉း၀၅	
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"**	၉း၁၅	
		၉း၂၀	

း ဂုဏ်ထူးဆောင်ဘွဲ့များ၊
အပ်နှင်းခြင်းများကိုလည်း
ထူးနေ့မြတ်တွင် ပေးအပ်
ကြောင်း၊ ယင်းအစဉ်အလာ
က်တွင်လည်း ဆက်လက်
ထိုက်သူများကို ယခုကဲ့သို့
ဂုဏ်ထူးဆောင်ဘွဲ့နှင့်
ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပါ

နိုင်ငံတော်တွင် ဂုဏ်ထူး
သင်္ဂဟ၊ ဘွဲ့နှင့် တံဆိပ်ဟူ၍
သုဓမ္မသင်္ဂဟဘွဲ့များနှင့်
များဟူ၍ နှစ်ဖွဲ့ခွဲခြားထား

ာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိ
့တို့ဖြစ်ပြီး ပြည်ထောင်စု
ဟာသရေစည်သူဘွဲ့၊ သတိုး
ရစည်သူဘွဲ့၊ သရေစည်သူ
ာ်င်း။
စွမ်းရည်သတ္တိဘွဲ့များမှာ
ူရဘွဲ့၊ သူရဘွဲ့တို့ဖြစ်ပြီး
သီရိပျံ့ချီဘွဲ့၊ ဇေယျကျော်
ဝက်ာကျော်စွာဘွဲ့နှင့် သိပ္ပံ

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ
ပြည်သူ၊ ဝန်ထမ်းဆိုင်ရာ
း နှစ်စဉ်ချီးမြှင့်ပေးအပ်
ထူးဆောင်ဘွဲ့တံဆိပ်များ

အဂ္ဂမဟာသီရိသုဓမ္မဘွဲ့
ဓမ္မဘွဲ့ တစ်ဦး၊ မဟာသီရိ

ည်သူသင်္ဂဟဘွဲ့တွင် မဟာ
ဦး၊ သရေစည်သူဘွဲ့ ကိုးဦး၊

ဘွဲ့များတွင် သီရိပျံ့ချီဘွဲ့ ၆၀
ဘွဲ့ ၄၄ ဦး၊ ဝဏ္ဏကျော်ထင်
၂၄၀ ဦး ရရှိကြပါကြောင်း၊
ိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့
ို့ကိုလည်း ဂုဏ်ပြုချီးမြှင့်

ဘွဲ့များနှင့် ဂုဏ်ထူးဆောင်
ခဲ့ရသော ပုဂ္ဂိုလ်များသည်
၃၀ ရက်အထိ နိုင်ငံတော်
ျိုးရေးကောင်စီလက်ထက်
ပ်ရေးနှင့် အချုပ်အခြာ
စီး၊ မယိမ်းမယိုင်ရအောင်
ပ်ငန်းများတွင်သော်လည်း
ျက်စီးပြီး ခေတ်နောက်ကျ
ခတ်မီဖွံ့ဖြိုးတိုးတက်သည့်
းတည်ဆောက်ကြရသည့်
င်န်းများတွင်သော် လည်း
းသော အစိုးရသစ်တစ်ရပ်
ဉ်(၇)ရပ်ချမှတ်ပြီး တစိုက်
အကောင်အထည်ဖော်
ဉ်သော် လည်းကောင်း၊
ိုက် ပါဝင်ဆောင်ရွက်ခဲ့ကြ
ရသစ်တစ်ရပ်ကို မျိုးဆက်
ျမ်းစွာ လွှဲပြောင်းပေးနိုင်ခဲ့
က် နိုင်ငံတော်မှ ယခုကဲ့သို့
ဏ်ထူးဆောင်တံဆိပ်များ
ပါကြောင်း။
ာင်ဘွဲ့များနှင့် ဂုဏ်ထူး
ာ်သန်းခဲ့ရသော ခက်ခဲ

ကြမ်းတမ်းသည့်ဘဝကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ကြသော မိမိတို့၏ စွမ်းဆောင်ရည်များကို နိုင်ငံတော်မှ မှတ်ကျောက်တင်ခြင်းခံခဲ့ရသည့် သင်္ကေတအမှတ်အသားတစ်ခု ဖြစ်ပါကြောင်း၊ မိမိတို့၏ ဘဝတစ်သက်တာအတွက်သာမက မိမိတို့၏ သားစဉ်မြေးဆက်တိုင် ဂုဏ်ယူဖွယ်ရာဖြစ်သည့် အထိမ်းအမှတ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် မျိုးဆက်သစ်လူငယ်များအား တိုင်းပြည်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မထိပါးမဆုံးရှုံးရအောင် မိမိတို့ကဲ့သို့ ကာကွယ်စောင့်ရှောက်ကြရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းတည်ဆောက်ကြရန် တိုက်တွန်းအားပေးသော တွန်းအားတစ်ရပ်လည်း ဖြစ်စေခဲ့ပါကြောင်း။

အထက်ပါ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများထံမှ တိုင်းပြည်ကို လက်ခံလွှဲပြောင်းရယူခဲ့သည့် မိမိတို့ အစိုးရသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတွင် ပြည်တွင်းနိုင်ငံရေးအင်အားစုများ စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းမှု ရရှိအောင် ဆောင်ရွက်ရေးလုပ်ငန်းစဉ်များသည် အရေးကြီးသော လုပ်ငန်းစဉ်များဖြစ်သည့်အတွက် ယနေ့ မိမိတို့အစိုးရအဖွဲ့သစ်၏ ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် တိုးတက်အောင် ဆက်လက်ဆောင်ရွက်ရင်း ခေတ်မီစက်မှုနိုင်ငံထူထောင်နိုင်ရန် ရည်မှန်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဘွဲ့တံဆိပ်ရ အတွေ့အကြုံရင့်ကျက်သည့် ပုဂ္ဂိုလ်ကြီးများအနေဖြင့်လည်း မိမိတို့အစိုးရသစ်၏ ကြိုးပမ်းဆောင်ရွက်နေသော လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းပြီး ထောက်ခံအားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းလည်းဖြစ်ပါကြောင်း၊ ဘွဲ့တံဆိပ်ရ ပုဂ္ဂိုလ်ကြီးများ ကျန်းကျန်းမာမာနှင့် စိတ်ချမ်းချမ်းသာသာ ရှိကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်ကျောက်တင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသကဲ့သို့ ဆက်လက်ပြီး တိုင်းပြည် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးရေးအတွက် မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ မိမိတို့ကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် တိုက်တွန်းအားပေးကြပါရန် ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ချီးမြှင့်အပ်နှင်း

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သုဓမ္မသင်္ဂဟဘွဲ့များကို ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သူရဘွဲ့များကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့များဖြစ်သည့် သီရိပျံ့ချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့် ဂုဏ်ထူးဆောင်ဘွဲ့အလိုက်မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့အခမ်းအနားတွင် သုဓမ္မသင်္ဂဟဘွဲ့များ ရရှိသူ ခြောက်ဦး၊ ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့များ ရရှိသူ ၄၈ ဦး၊ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များရရှိသူ ခြောက်ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့များရရှိသူ ၁၈၆ ဦး စုစုပေါင်း ဂုဏ်ထူးဆောင်ဘွဲ့များရရှိသူ ၂၄၆ ဦးတို့အား သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စည်သူဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဦးရွှေနန်းတင်အား စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

စည်သူဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဒေါ်မြင့်မြင့်ခင်အား စည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

ဇေယျကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဗိုလ်ချုပ်ပေါ်ထွန်း(ငြိမ်း)အား ဇေယျကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်း

နိုင်ငံတော်သမ္မတက ဒေါက်တာမြဦးအား ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁-၂၀၁၂ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "အသိနဲ့ဒိဋ္ဌိခွာမှုကို ရှေ့ထားကြရန်" တရားတော် [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)]
- ၆း၃၀ ထူးခြားသောဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၃၀)**
- ၈း၄၅ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၈)
- ၈း၅၀ ချင်းတွင်းစာပေခရီး (၂၀၁၁)
- ၉း၀၅ Activities In The City
- ၉း၁၅ အမေများပျော်တဲ့နေ့
- ၉း၂၀ Intellectual Talk
- ၁၀း၀၅ အလက(၃)မြောက်ဥက္ကလာရဲ့ အာစရိယပူဇော်ပွဲ
- ၁၀း၂၀ မန္တလေးမြို့ရှေ့နေကြီးများ မိသားစု မဟာဘုံကထိန်တော်
- ၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၅၅ The Champion of Dance
- ၁၁း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၁၅)**
- ၁၂း၀၅ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
- ၁၂း၃၀ စိတ်အေးချမ်းသာ. . . ပြုံးပျော်စေဖို့ရာ. . . SMILE FIRE EXTINGUISHER
- ၁၂း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁း၀၀ "အသိနဲ့ဒိဋ္ဌိခွာမှုကို ရှေ့ထားကြရန်" တရားတော် [အရှင်ပညာဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol
- ၃း၀၀ Activities In The City
- ၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၇၇)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၃၀)**
- ၄း၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အမေ့ကျေးဇူးဆပ်ဖူးချင်တယ်"
- ၅း၁၅ မန္တလေးမြို့မှ TOA Colour World
- ၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်"(အပိုင်း-၁၅)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ Show Room (ဟာသဇာတ်လမ်းတွဲ) (အပိုင်း-၁၉)
- ၆း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၇၈)**
- ၇း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၀ ဓာတ်ပုံထဲမှ အမှတ်တရများ
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန်ရာ" (အပိုင်း-၃၁)**
- ၁၀း၁၅ ပြီးပြည့်စုံသော အလှတရားအတွက် Angel Fitness Centre
- ၁၀း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိုးကျရွှေကိုယ်" (အပိုင်း-၁၆)**
- ၁၁း၀၀ မန်းရာပြည့်ဂီတာဦးတင်နှင့် တွေ့ဆုံခန်း
- ၁၁း၂၀ လှပသစ်ဆန်းအလှပြင်ခန်း
- ၁၁း၃၅ ရေပျော်ငှက်၏တောင်ပံခတ်သံ
- ၁၁း၅၅ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
- ၁၂း၄၅ အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ (စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦး)
- ၁း၀၅ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၁း၂၀ ယဉ်ကျေးသွင်ပြင်ဝတ်စားဆင် ပိုးချိတ်အသွင်
- ၁း၄၀ ဒို့တိုင်းဌာနီဧရာဝတီ
- ၂း၀၅ ပန်းပျိုးလက်ဖြင့် ပန်းမျိုးဆက်တို့ ထက်မြက်ရှင်သန်စေရာ. . .
- ၂း၂၀ Box Office Movies
- ၂း၄၀ လောကရဲ့အလှရတနာ
- ၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၅ အဘိုး၊ အဘွားများ အေးချမ်းစွာနားခိုရာ ချမ်းမြေ့သာယာစံတော်သာ
- ၄း၃၀ သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
- ၄း၄၀ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
- ၄း၅၀ သက်ဝင်လှုပ်ရှား ရသရုပ်လုံးရုပ်ကြွများ
- ၅း၀၀ အစီအစဉ်ပြီး။

ဂိုဒေါင်မီးလောင်ပေါက်ကွဲမှုတွင် အသက်ပေးလှူသွားခဲ့သည့်တပ်ဖွဲ့ဝင်များအတွက် ရက်လည်ဆွမ်းကပ်

ရန်ကုန် ဇန်နဝါရီ ၄

ဒီဇင်ဘာ ၂၉ ရက်တွင် ဖြစ်ပွားခဲ့သော မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် ဂိုဒေါင်မီးလောင်ပေါက်ကွဲမှု၌ တာဝန်ထမ်းဆောင်ရင်း အသက်ပေးလှူသွားခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင် ငါးဦးအတွက် ရက်လည်ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် တာမွေမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ကျန်ရစ်သူမိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြပြီး သံဃာတော်များထံ ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသော ထိခိုက်ဒဏ်ရာရရှိသူ မီးသတ်တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးပြီး တပ်ဖွဲ့ဝင် တစ်ဦးချင်းသို့ အင်အားဖြည့်အစားအစာနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ပ အားကစားသတင်းများ

မန်ယူအသင်းအား နောက်ထပ်သုံးနှစ် ထပ်မံကိုင်တွယ်လိုကြောင်း ဖာဂူဆန်ပြောကြား

မန်ချက်စတာ ဇန်နဝါရီ ၄

မန်ယူအသင်း၏ဝါရင့်နည်းပြ ဖာဂူဆန် (ယာပုံ)**က မိမိ၏ကျန်းမာရေး အခြေအနေ ဆက်လက်ကောင်းမွန်နေပါက မန်ယူအသင်းကို နောက်ထပ်သုံးနှစ် ထပ်မံကိုင်တွယ်လိုကြောင်း ၎င်း၏အသက်(၇၀)ပြည့်မွေးနေ့ပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။**

မိမိသည် ပရီမီယာလိဂ်ဘောလုံးလောကတွင် အသက်အကြီးဆုံးနည်းပြအဖြစ် ရပ်တည်လိုကြောင်း၊ ယင်းကြောင့် မန်ယူအသင်းအား နောက်ထပ်သုံးနှစ် ထပ်မံကိုင်တွယ်လိုကြောင်း၊ မန်ယူအသင်းသည် မိမိ၏ အိမ်ကဲ့သို့ ဖြစ်ကြောင်း၊ မိမိ၏အသင်းမှ ကစားသမားများကိုလည်း မိမိ၏ သားသမီးများကဲ့သို့ သဘောထားကြောင်း၊ ၎င်းတို့ကလည်း မိမိအပေါ် လေးစားမှုရှိသည့်အတွက် ကျေးဇူးတင်ပါကြောင်း ဖာဂူဆန်က ဖွင့်ဟပြောဆိုခဲ့သည်။ ***အင်တာနက်။***

အိုဘာတန် တစ်လခန့်အနားယူရဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၄

နယူးကာဆယ်အသင်းသည် ခြေချောင်းရိုးကျိုးဒဏ်ရာရရှိသွားသည့် ၎င်းအသင်း၏ တောင်ပံကစားသမား အိုဘာတန်အား တစ်လခန့် လက်လွှတ်ရဖွယ်ရှိနေသည်။

အိုဘာတန်သည် အဆိုပါဒဏ်ရာအား ပြီးခဲ့သည့်ရက်သတ္တပတ်က ကစားခဲ့သည့် အသင်းဟောင်းမန်ယူနှင့် ရင်ဆိုင်ရသည့် ပွဲစဉ်အတွင်း ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းသည် ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်နေရသည့် နည်းပြအလန်ပါဒရူး၏ နယူးကာဆယ်အသင်းအတွက် နောက်ထပ် ခေါင်းခဲစရာတစ်ခု ဖြစ်လာခဲ့သည်။ နယူးကာဆယ်အသင်းတွင် ဆိုင်လ်ဗိန်းမာဖော့စ်၊ ဒန်နီ ဂူတာရီနှင့် ပီတာ လိုဗန် ကရန့်တို့မှာလည်း ဒဏ်ရာပြဿနာများဖြင့် လုံးပန်းနေရသည်။ ထို့ကြောင့် အလန်ပါဒရူးသည် ၎င်းတို့နေရာကို ဖြည့်တင်းရန်အတွက် ရှိန်းဖာဂူဆန်နှင့် ဂျိုးနတ် ဂူတာရက်ဇ်တို့ကို ယခုအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူနိုင်ရန် ကြိုးပမ်းနေရသည်။ ***အင်တာနက်။***

ရိုးမားကွင်းလယ်လူ ဒီရော့စီအား မန်စီးတီးပစ်မှတ်ထား

မန်ချက်စတာ ဇန်နဝါရီ ၄

မန်စီးတီးအသင်းသည် ၎င်းတို့၏ ပထမဆုံး စာချုပ်မှုအဖြစ် ရိုးမားကွင်းလယ်လူ ဒီရော့စီအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။

မန်စီးတီးနည်းပြ မန်စီနီသည် အသက်(၂၈)နှစ်အရွယ် ဒီရော့စီအား ခေါ်ယူရန် ယခင်ကတည်းက ပစ်မှတ်ထားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ဒီရော့စီ၏ လက်ရှိ ရိုးမားနှင့်ချုပ်ဆိုထားသည့် စာချုပ်မှာ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ မန်စီးတီးအသင်းက ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မန်စီနီက ဒီရော့စီမှာ မန်စီးတီးအသင်းနှင့် သင့်လျော်သော ကစားသမားတစ်ဦး ဖြစ်ကြောင်း၊ ၎င်းအား နိုင်ငံတကာပွဲစဉ် သွားရောက်ကစားရမည့် ယာယာတိုရေး၏ နေရာတွင် အစားထိုးရန် ရည်ရွယ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော်လည်း မန်စီးတီးအသင်းသည် ၎င်းတို့၏တိုက်စစ်မှူး ကာလို့တီဗက်ဇ်ကို ရောင်းထုတ်ပြီးမှသာ ၎င်းအား ခေါ်ယူနိုင်ဖွယ်ရှိသည်။

အင်တာနက်။

- ဟိန်းထက်လင်း -

ပြည်တွင်း၊ ပြည်ပ အနုပညာရုပ်ဝန်း ပြည်တွင်း၊ ပြည်ပ အနုပညာရုပ်ဝန်း ပြည်တွင်း၊ ပြည်ပ အနုပညာရုပ်ဝန်း

"အမေ့ကျေးဇူးဆပ်ဖူးချင်တယ်" မြန်မာဇာတ်ကားသစ်ရုံတင်

ရန်ကုန် ဇန်နဝါရီ ၄

ဇန်နဝါရီ ၆ ရက် (သောကြာနေ့)တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ် မျှော်လင့်နေကြသည့် ရုပ်ရှင်ချစ်ပရိသတ်များအတွက် မြန်မာရုပ်ရှင်ဇာတ်ကားသစ် **"အမေ့ကျေးဇူးဆပ်ဖူးချင်တယ်"** ဇာတ်ကားကို သမ္မတ၊ သွင်၊ မင်္ဂလာ၊ ဂျွန်းရှင်း၊ Top Royal နှင့် မန္တလေးဝင်းလိုက်မြို့မရုံများတွင် တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။ **(အပေါ်ပုံ)**

၎င်းဇာတ်ကားကို ကြောင်ကမ္ဘာရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ထားပြီး ခင်ဆိုင်(ကြောင်ကမ္ဘာ)၏ ဝတ္ထုကို မစန္ဒာဇာတ်ညွှန်းရေးသားကာ ကိုရွှေမိုးသက်၊ ခနုတ်ကိုကိုဇော်တို့က ရိုက်ကွင်းဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာခင်စောမျိုး (အဖေ့ပညာ)က တာဝန်ယူရိုက်ကူးခဲ့သည်။ ငွေဂုဏ်၊ ပညာဂုဏ်၊ ဥစ္စာဂုဏ် ပြည့်စုံသည့် လူငယ်တစ်ဦးနှင့် တစ်ကောင်ကြွက်မိဘမဲ့ မိန်းမငယ်တစ်ဦးတို့ တူနှစ်ကိုယ် ဘဝတည်ထောင်ကြရာမှ နှစ်ဖက်အသိုင်းအဝိုင်းအကြား ခါးသီးပြင်းထန်သည့် လူတန်းစားတိုက်ပွဲကြောင့် ချစ်သူနှစ်ဦးကွေကွင်းရပုံကို ဒါရိုက်တာက ရင်နင့်ဖွယ်ရိုက်ကူးပြသထားသည့် မိဘမေတ္တာဘွဲ့ အိမ်ထောင်ရေးပညာပေးဇာတ်ကားကောင်း တစ်ကားဖြစ်သည်။ ပြေတီဦး၊ သက်မွန်မြင့်၊ အကယ်ဒမီ နေအောင်၊ အကယ်ဒမီ မေသန်းနုတို့ ခေါင်းဆောင်ကြပြီး ကလေးသရုပ်ဆောင် အိစိကွေး၏ သရုပ်ဆောင်မှုကိုပါ အကဲဖြတ်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ် မျှော်လင့်နေကြသည့် ပရိသတ်များအတွက်လည်း ရွှေ့ဆောင်ရုံတွင် နိုင်ငံခြားဇာတ်ကားသစ် MISSION: IMPOSSIBLE-4 ဇာတ်ကားသစ်ကြီး ရုံတင်ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် နာမည်ကြီးအက်ရှင်မင်းသားချောတွမ်ခရုစ် ပါဝင်သရုပ်ဆောင်ထားသည်။ နေပြည်တော်ရုံတွင်မူ ပြသဆဲ နိုင်ငံခြားဇာတ်ကား ဖြစ်သည့် THE TWILIGHT SAGA BREAKING DAWN ဆက်လက်ပြသမည်ဖြစ်သည်။ (ကြေးမုံ)

အောဝမ်းစိုး

အာရှမူးယစ်ရာဇာတစ်ဦး၏ ဥရောပခရီးကြမ်း (Don 2)

အိန္ဒိယဘောလိဝုဒ်အက်ရှင်စူပါစတား ရှာရွတ်ခန်၏ ၂၀၀၆ ခုနှစ်က ရိုက်ကူးတင်ပြခဲ့သော ဘောလိဝုဒ်အက်ရှင်ဇာတ်ကား Don(The Chase Begins Again) ဇာတ်ကားကို မြန်မာရုပ်ရှင်ချစ်ပရိသတ်များ နှစ်ခြိုက်သဘောကျစွာ အားပေးကြည့်ရှုခဲ့သကဲ့သို့ ယခု Don 2 (The King is Back) ဇာတ်ကားသည်လည်း ယခင်ဇာတ်ကားထက်မလျော့သော ဆွဲဆောင်မှုများနှင့်အတူ ဖမ်းစားနိုင်ဦးမည်ဖြစ်သည်။ **(အောက်ယာပုံ)**

Don 2 ဇာတ်ကားသည် ယခင် Don ဇာတ်ကား၏ နောက်ဆက်တွဲဖြစ်သည်နှင့်အညီ အာရှဒုစရိုက်လောကမှ မူးယစ်ရာဇာတစ်ဦးက ဥရောပဒုစရိုက်လောကမူးယစ်ဆေးဝါးမှောင်ခိုဈေးကွက်ကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန် လှုပ်ရှားရုန်းကန်ရပုံများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးတင်ပြထားသည်။ ယင်းသို့ ရိုက်ကူးတင်ပြရာတွင် အာရှတိုက်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့များကို အခြေစိုက်ရိုက်ကူးထားသကဲ့သို့ ဥရောပတွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၊ ဂျာမနီနိုင်ငံ ဘာလင်မြို့နှင့် ပြင်သစ်နိုင်ငံ ရီဗီးယားကမ်းခြေတို့ကို နောက်ခံထားရိုက်ကူးထားပြီး ဒုစရိုက်လောကသားတို့၏ ထုံးစံအတိုင်း ကလိမ်ကကျစ်ကျမှု၊ သစ္စာမဲ့မှု၊ ပြန်ပေးဆွဲမှု၊ ထောင်ဖောက်ပြေးမှု၊ သတ်ဖြတ်မှုများကို သည်းထိတ်ရင်ဖိုရှုစားကြရမည်ဖြစ်သည်။

ယင်းဇာတ်ကားကို ဒါရိုက်တာ ဖာဟန်အခတာက လက်စွမ်းပြရိုက်ကူးတင်ဆက်ထားပြီး အဓိက ဇာတ်ကောင်ဒွန်အဖြစ် ရှာရွတ်ခန်နှင့် ဇာတ်ဆောင်မင်းသမီး ပရီယန်ခါချိုပရာ၊ ဇာတ်ပို့သရုပ်ဆောင်များအဖြစ် အွမ်ပူရီ၊ လာရာဒက်တာနှင့် ကူနယ်လ်ကပူးတို့က ပါဝင်သရုပ်ဆောင်ထားကြသည်။

၎င်းဇာတ်ကားကို ဒီဇင်ဘာ ၂၃ ရက်က စတင်ဖြန့်ချိပြသခဲ့ပြီး အိန္ဒိယရုပ်ရှင်ပရိသတ်များ နှစ်သက်သဘောကျခဲ့သကဲ့သို့ ပြည်ပရုပ်ရှင်ဝေဖန်သူများကလည်း ချီးကျူးထောမနာပြုထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

အင်တာနက်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အမြို့မြို့အနယ်နယ်၌ ကျင်းပ

မင်္ဂလာဒုံမြို့နယ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး ဖတ်ကြားစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်သိန်း ဖတ်ကြားစဉ်။ (၆၃)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြည်သူ့အားကစားကွင်း၌ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်း ဖတ်ကြားစဉ်။ (၅၃)

ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်ထောင်စုခန်းမ၌ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဆိပ်ကြီးခနောင်တိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေး ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ပန်းဘဲတန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပသည့် နေပြည်တော်ရှိ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert ဦးဆောင်သော သံတမန်များနှင့် ၎င်းတို့၏ ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ မှန်ကန်သော ဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဟူသော အမျိုးသားရေးဦးတည်ချက် (၄)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာကျင်းပသည့် ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ကျင်းပရာ ပြည်သူလူထု စုစုပေါင်းအင်အား ၂၉၀၀ ကျော် တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ၂၀၁၂ ခုနှစ် (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ဖတ်ကြားစဉ်။

(သတင်းစဉ်)

ရဲဝံ့စွန့်စားစွာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ရင်း နိုင်ငံနှင့် ပြည်သူအတွက် အသက်စွန့်လှူသွားခဲ့သော မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင် ငါးဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်များ ချီးမြှင့်အပ်နှင်း

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။

မင်္ဂလာတောင်ညွန့်မီးလောင်မှု

ထိုသို့ချီးမြှင့်အပ်နှင်းရာတွင် ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်၌ ဖြစ်ပွားခဲ့သည့် မီးလောင်မှုတွင် ရဲဝံ့စွန့်စားစွာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ရင်း နိုင်ငံနှင့်ပြည်သူအတွက် အသက်စွန့်လှူသွားခဲ့သော မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင် ငါးဦးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဆိုင်ရာ တံဆိပ်များဖြစ်သည့် ရဲသီဟတံဆိပ်၊ ရဲသူရတံဆိပ်၊ ရဲဗလတံဆိပ် ချီးမြှင့်ခံရသူ စုစုပေါင်း ကိုးဦးဖြစ်ပြီး ၎င်းအနက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ အဆိုပါ မီးသတ်တပ်ဖွဲ့ဝင် ငါးဦး ပါဝင်သည်။

ရဲသီဟတံဆိပ်

မီးသတ်တပ်ဖွဲ့ဝင် ငါးဦးအနက် အမှတ် မ ၁၇၂၃၁ မီးသတ်တပ်ကြပ် ဦးတင်စိုးအား ရဲသီဟတံဆိပ်ကို ချီးမြှင့်ခဲ့သည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**